# အမျိုးသားညီညွတ်ရေးနှင့်ပတ်သက်၍
# ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်
# (အမှတ် ၁၅/၂၀၀၅)
# (၃၀ – ၁၁ – ၂၀၀၅)

(၁) အမျိုးသားညီညွတ်ရေး မရှိလျှင် နိုင်ငံတကာ့အသိုင်းအဝိုင်းတွင် ကြာလေအထီးကျန် ဖြစ်ပါလိမ့်မည်။ ပြည်တွင်းငြိမ်းချမ်းရေး – တည်ငြိမ်ရေး ပျက်ပြားပါလိမ့်မည်။ ပြည်တွင်းစစ် ဒုတိယအကျော့ ပြန်ဖြစ်ပါလိမ့်မည်။

(၂) အမျိုးသားညီညွတ်ရေး တည်ဆောက်ခဲ့သည့်အတွေ့အကြုံများ ကိုလိုနီဘဝက ရှိခဲ့ပါသည်။ ဝံသာနုအဖွဲ့ချုပ်၊ ထွက်ရပ်ဂိုဏ်း၊ ဖဆပလ ဖွဲ့စည်းဖူးပါသည်။ ထိုအတွေ့အကြုံများကို အသုံးချပြီး လုပ်သင့်ပါသည်။ ပထမဆုံး စရသည့်ခြေလှမ်းသည် စေ့စပ်ဆွေးနွေးရေး ဖြစ်ပါသည်။

(၃) စေ့စပ်ဆွေးနွေးရေးကို (၂) ဘက် သဘောတူမှ လုပ်နိုင်ပါသည်။ အထူးသဖြင့် အာဏာရက သဘောတူမှ ဖြစ်ပါသည်။ နအဖ က 'ပြည်သူ့သဘောထား' အမည်ခံပြီး ထုတ်ပြန်နေသော ဆန့်ကျင်ရမှာ (၃) မျိုးနှင့် ချေမှုန်းရမှာ (၁) မျိုးသည် NLD/CRPP ကို ဦးတည်ထားခြင်း ဖြစ်ပါသည်။ ပျဉ်းမနားပြောင်းခြင်းသည် ကောင်းသည့်ပြောင်းခြင်း မဟုတ်ပါ။ အပြတ်ချတော့မည့်လက္ခဏာ ဖြစ်ပါသည်။

(၄) ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ အဆိုပြုချက်ကို ကျွန်တော်တို့ ကြိုဆိုပါသည်။ ဗမာပြည်၏ အခြေအနေအရ စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီသို့ တဆစ်ချိုး (၁၈၀ ဒီဂရီ) လှည့်ပြောင်းလို့ မရပါ။ ယာယီ အကူးအပြောင်းကာလတခု လိုပါသည်။ NLD/CRPP ခေါင်းဆောင်ကြီးများနှင့် တပ်မတော်စစ်သည်များ အလေးအနက် စဉ်းစားကြစေလိုပါသည်။

(၅) ဆရာတော်သံဃာတော်များကို သီးခြားလျှောက်ထားလိုပါသည်။ သံဃာ့ဩဝါဒခံကာ အမျိုးသားညီညွတ်ရေး တည်ဆောက်ခဲ့သည့် ယခင်က အတွေ့အကြုံကို နမူနာယူကာ ကြားဝင်ပေးရန် လျှောက်ထားအပ်ပါသည်။

(၆) ၂၀၀၆ ခုနှစ်တွင်မှ စေ့စပ်ဆွေးနွေးရေး မဖြစ်လျှင် ဗမာပြည်၏ကံကြမ္မာ ကောင်းတော့မည် မဟုတ်ပါ။ 'အပြုတ်တိုက်ရေး' 'အပြတ်ချရေး' ကို အာဏာရများ စိတ်ကူးမယဉ်ကြစေချင်ပါ။ သမိုင်းသင်ခန်းစာ ယူစေချင်ပါသည်။